# ကယ်တင်ခြင်းသင်ခန်းစာများ

(ဘုရားသခင်၏အလိုတော်)

မိတ်ဆွေအပါအဝင်ကမ္ဘာပေါ်ရှိလူသားတိုင်း ကယ်တင်ခြင်း သို့ရောက်ဖို့ရန် ဘုရားသခင်အလိုရှိသည်။ ၁ တိ၊၂း၄ ၌ "လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍၊ သမ္မာတရားကို သိစေခြင်းငှာ ဘုရားသခင်အလိုတော်ရှိ၏" ဟုဆိုထားပါသည်။ မိတ်ဆွေလည်း လူအပေါင်းထဲ၌ ပါဝင်သောကြောင့် ဘုရားသခင်သည် မိတ်ဆွေကို ကယ်တင်ခြင်းသို့ ရောက်စေလိုသည်။ မိတ်ဆွေ. . . ကယ်တင် ခြင်းသို့ရောက်လိုပါသလား။



## ယုံကြည်ခြင်းဖြင့်။

မိတ်ဆွေသည် ကယ်တင်ခြင်းသို့ရောက်ရန် ကျမ်းစာကဤသို့ဆိုထားပါသည်။ "ယုံကြည်သောအားဖြင့်ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။" (ဧ ၂း၈) တနည်းအားဖြင့် ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။

ကျေးဇူးတော်(သို့) ကျေးဇူးပြုခြင်းသည် ဘုရားသခင်၏တာဝန်ဖြစ်သည်။ ယုံကြည်ဖို့ရန်မှာလူ၏ တာဝန်ဖြစ်သည်။ ဘုရားသခင်အနေဖြင့်လူတိုင်း ကယ်တင်ခြင်းသို့ ရောက်ရန်ကျေးဇူးပြုခဲ့ပြီးပြီ။ ထိုကျေးဇူးတော်(သို့)ကျေးဇူးပြုခြင်းကိုယုံကြည်ဖို့ ရန်သာလိုတော့သည်။မိတ်ဆွေယုံကြည်လိုပါသလား။

ဘုရားအပိုင်း                    လူအပိုင်း

------------   +   -----------  ကယ်တင်ခြင်း

ကျေးဇူးပြုခြင်း                 ယုံကြည်ခြင်း

## ကြားနာခြင်းအားဖြင့်။

ကယ်တင်ခြင်းသို့ရောက်ရန် လူ့အပိုင်းမှလိုအပ်ချက် သည်ယုံကြည်ဖို့ဖြစ်ကြောင်း၊ ဖော်ပြခဲ့ပြီးပြီ။ သို့ဖြစ်လျှင် ယုံကြည်ခြင်းသည် အဘယ်ကဖြစ်သနည်း။ ကျမ်းစာက၊ "ယုံကြည်ခြင်းသည်ကြားနာခြင်းအားဖြင့်ဖြစ်သည်၊ ကြားနာခြင်းသည်လည်း ဘုရားသခင်၏စကားတော်အားဖြင့်ဖြစ်၏" ဟုဆိုထားပါသည်။ (ရော ၁၀း၁၇) ထို့ကြောင့်ကြားနာခြင်းမရှိလျှင် ယုံကြည်ခြင်းမရှိနိုင်ချေ။ ရော၁၀း၁၄ ၌လည်း "သတင်းမကြားလျှင်အဘယ်သို့ယုံကြည်နိုင်မည်နည်း" ဟုဆိုထားသည်။

## သဘောတူထောက်ခံခြင်း။

ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်ကြောင်းသိရပြီ။ သို့သော် ကြားရသောအရာကိုသဘောမတူ၊ မထောက်ခံ (သို့)သံသယရှိလျှင် ယုံကြည်သည်ဟု မဆိုနိုင်သေးချေ။ မိမိကြားရသောစကားကို သဘောတူ၊ ထောက်ခံခြင်း၊ သံသယလည်းမ ရှိ၊ စောဒကမတက်မှသာလျှင် ယုံကြည်သည်ဟု ဆိုနိုင်သည် တနည်းအားဖြင့် မိမိကြားသည့်အတိုင်း ပြန်လည်ပြောပြခြင်း၊ ဝန်ခံခြင်းဖြစ်သည်။

ဥပမာ၊ လူတစ်ယောက်က သူ့နာမည်သည် မောင်မောင်ပါဟု သူ့ကိုယ်သူ မိတ်ဆက်လျှင် ကြားနာသူတစိမ်းတစ်ယောက်အနေဖြင့် သူ့စကားကို ထောက်ခံနိုင် သဘောတူနိုင်ပါက ယုံကြည်သည်ဟု ဆိုနိုင်သည်။ ကြားသောသူက " ဟုတ်ကဲ့၊ သင်ပြောသည့်အတိုင်း သင်သည် မောင်မောင်ဖြစ်ပါသည်" ဟုသဘောတူ၍ သံသယမရှိ၊ စောဒကလည်းမတက်မှ သူပြောသည့်အတိုင်း မောင်မောင်ဟုပြန်ပြောမှ ယုံကြည်သည်ဟုဆိုနိုင်သည်။

## ပို၍ယုံသင့်သောအရာ။

လူသည်လိမ်ညာ၍ မုသာစကားကို ပြောတတ်သည်။ သို့သော်လည်း တစ်ယောက်နှင့်တစ်ယောက် ယုံကြည်တတ်ကြသည် အပြောကောင်းအဆိုကောင်းလျှင် ယုံလွယ်တတ်ကြသည်။ သို့သော် မုသာမပြောဘူးသော ဘုရားသခင်၏ စကားတော်များကိုကား မယုံကြည်တတ်ကြ။ ဘုရား၏ကတိတော်များကို သံသယ ရှိကြသည်။ ဘုရားစကားထက် လူလူချင်းပေး သောကတိကို ယုံတတ်ကြသည်။ သို့သော် ကျမ်းစာက "လူ၏သက်သေကိုယုံရလျှင် ဘုရားသခင်၏ သက်သေတော်ကိုပို၍ ယုံဘွယ်ရာအကြောင်းရှိ၏" ဟုဆိုထား သည်။ (၁ ယော၅း၉)

လူပြောသောစကားထက် ဘုရားပြောသောစကားကို ပို၍ယုံသင့်သည်ဟု ဆိုထားသည်။ မိတ်ဆွေသည် ဘုရားစကားနှင့် လူ့စကားအနက် မည်သူ့စကားကိုပို၍ ယုံကြည်ပါသနည်း။ ဘုရားပြောသော စကားကို ပို၍ယုံပါသည်ဟု မိတ်ဆွေဖြေလျှင်ဘုရားပြောသမျှကိုထောက်ခံနိုင်ရမည်။ မိတ်ဆွေ မသိနားမလည်နိုင်သော်လည်း သံသယကင်းစွာ သဘောတူနိုင်ရမည်။

## အမြင်ခြင်းအကြံခြင်းမတူသောကြောင့်

လူသည်အဘယ်ကြောင့် ဘုရားစကားကိုမယုံကြည်နိုင်ကြသနည်း။ အဘယ်ကြောင့်ဘုရားစကား ကိုအလွယ်တကူ မထောက်ခံနိုင်ကြသနည်းဟူမူကား ဘုရားအမြင်နှင့် လူ့အမြင်အကြံမတူသောကြောင့်ဖြစ်သည်။

ဘုရားသခင်ကိုယ်တိုင်က "ထာဝရဘုရားသည် လူမြင်သကဲ့သို့ မြင်တော်မူသည်မဟုတ်" ဟုဆိုထားသည်။ (၁ ရာ၊ ၁၆း၁၇) တဖန်၊ ထာဝရဘုရား မိန့်တော်မူသည်ကား ငါ၏အကြံအစည်သည် သင်တို့၏ အကြံအစည်နှင့်မတူ၊ ငါ၏အကျင့်သည်လည်း သင်တို့၏အကျင့်နှင့်မတူ။ မိုးကောင်းကင်သည် မြေကြီးထက်သာ၍ မြင့်သကဲ့သို့ ငါ၏အကျင့်သည် သင်တို့၏အကျင့်ထက်၄င်း၊ ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်ထက်၄င်း သာ၍မြင့်၏" ဟုဆိုထားသည်(ဟေရှာ ၅၅း၈-၉)။

ထို့ကြောင့် လူသည်ဘုရားသခင်၏စကားကို ယုံကြည်နိုင်ဖို့ရန်မှာ ဘုရားသခင်အမြင်အတိုင်းမြင်၍ ကိုယ့်အမြင်ကိုပယ်ဖို့လိုသည်။ ကိုယ့်အကြံအစည် ကိုစွန့်လွှတ်၍

ဘုရားအကြံအစည်အတိုင်း လက်ခံကြံစည်ဖို့လိုသည်။

**သာဓကများ**

ဘုရားအမြင်နှင့်လူ့အမြင် မတူညီချက်များကို အောက်ပါသာဓကများအားဖြင့် သိနိုင်သည်။

(က)ဘုရားသခင်၏အမြင်၌ လူ့ဝိညာဉ်သည် တန်ဘိုးရှိသည်။ လူ့အမြင်၌ ဝိညာဉ်ထက် ကိုယ်ခန္ဓာသည် ပို၍ တန်ဘိုးရှိသည် (မ ၁၆း၂၆)။

(ခ) ဘုရားသခင်က နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းကို အရင်ရှာခိုင်းသည်။ လူက အစားအသောက်နှင့် အဝတ်အစားကို အရင်ရှာချင်သည် (မ ၆း၃၁-၃၃) (အူမတောင့်မှ သီလစောင့်နိုင်မည်ဟု ဆိုပါသည်)

(ဂ) ဘုရားသခင်က အထက်(ကောင်းကင်) အရာကိုရှာပါဟုဆိုသည်။ လူကမြေကြီး အရာကိုသာ ရှာချင်သည်။ (တော ၂း၃)

(ဃ)ဘုရားသခင်က ဘဏ္ဍာများကို ကောင်းကင်၌ စုထားကြပါဟုဆိုသည်။ လူက မြေကြီးထဲ၌မြှုပ်လိုသည်။

(င)ဘုရားက အကောင်းဟုဆိုလျှင် လူကအ ဆိုး၊ အလင်းကိုအမိုက်၊ အချိုကိုအခါး ဟု အလွဲယူဆတတ်သည် (ဟေရှာ ၅း၂၀)။

ဆက်လက်ဖော်ပြပါက ဘုရားနှင့်လူတို့၏ အမြင်နှင့်အကြံတို့သည် တူညီချက်မရှိချေ။ အမြဲ ဆန့်ကျင်ဖက်ဖြစ်ကြသည်။ ထို့ကြောင့်အမြင်ခြင်း အကြံခြင်းမတူသော ဘုရား၏စကားကို လူ့အနေဖြင့် ယုံကြည်ဖို့ရန် ခက်နေသည်။

**ပယ်ဖို့လိုသည်။**

ထိုသို့ဘုရားအမြင်နှင့်လူ့အမြင်၊ ဘု ရားအကြံအစည်နှင့်လူ့အကြံအစည် မတူညီသောကြောင့် တဖက်ဖက်၌ မှားယွင်းပေမည်။ သို့ဖြစ်လျှင် မည်သူမှားယွင်းနိုင်သနည်း။ ဘုရားကတော့ မှားနိုင်မည် မဟုတ်။ လူ့အမြင်သာလျှင်မှားနိုင်ပေမည်။ ထို့ကြောင့် လူသည်မိမိအမြင်နှင့်အကြံကိုပယ်၍ ဘုရားအမြင်နှင့်အကြံအတိုင်း လက်ခံတတ်ဖို့လိုသည်။

ထိုသို့ ဘုရားသခင်အမြင်အတိုင်းမြင်၍ ဘုရား အကြံအတိုင်းကြံနိုင်လျှင် ဘုရားသခင်နှင့် သူ၏စကား ကိုယုံကြည်ဖို့ရန် မခက်တော့ချေ။ အလွယ်တကူသဘောတူ ထောက်ခံလာနိုင်ပေမည်။ စိတ်နှလုံးခိုင်မာသောသူနှင့်၊ ငါသည် ပညာရှိသည်ဟု ထင်သောသူတို့သည် မိမိ၏အမြင်နှင့် အကြံ ကိုမပယ်နိုင်ကြသောကြောင့် ဘုရားသခင်ကိုမယုံကြည်နိုင်ကြချေ။ မိတ်ဆွေ. . . ဘုရားသခင်၏အမြင်အတိုင်းမြင်၍ ဘုရား၏အကြံတော်အတိုင်းလက်ခံလိုပါသလား။ ဘုရားသခင်ကိုယုံကြည်ချင်ပါသလား။

ဧဝံဂေလိဆရာတစ်ဦး

